# Baldwin-Whitehallကျောင်းနယ်မြေ

## CHILD FIND NOTICE - BURMESE

နယ်မြေအုပ်ချုပ်ရေး

4900 Curry Road • Pittsburgh, Pennsylavania 15236-18917

Telephone : 412-884-6300 Fax 412-885-7802 www.bwschools.net

### အထူးပညာရေးဝန်ဆောင်မှုနှင့်ပရိုဂရမ်များအတွက် ကြော်ငြာစာ

ကျောင်းနယ်မြေနယ်တစ်ခုချင်းစီမှာ လူ့အသိုင်းအဝိုင်းထဲမှတစ်ခြားသောအများနှင့်သက်ဆိုင်သောအေဂျင်စီများနှင့်အတူ၊ ချို့ယွင်းနေမှုကြောင့် အထူးပညာရေးပရိုဂရမ်များနှင့် ဝန်ဆောင်မှုများလိုအပ်သောကလေးများအားလုံးကို ရွေးထုတ်နိုင်ရန်၊ ရှာဖွေနိုင်ရန်နှင့် အကဲဖြတ်နိုင်ရန်အတွက် လုပ်ငန်းစဉ်များတည်ထောင်နိုင်ရန်နှင့် အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။ ဤကြော်ငြာစာမှာ ထိုကလေးများကိုရှာဖွေကူညီရန်၊ မိဘများကိုအကူအညီကမ်းလှမ်းရန်နှင့် လုပ်ငန်းစဉ်ကာလအတွင်း အချက်အလက်များ လျှို့ဝှက်ခြင်းနှင့်ပတ်သက်ပြီး မိဘများ၏လုပ်ပိုင်ခွင့်များကိုဖော်ပြရန်ဖြစ်သည်။ ဤကြော်ငြာစာတွင်ပါဝင်သည့်အကြောင်းအရာများကို အင်္ဂလိပ်စာဖြင့်ရေးထားသော်လည်း၊ တစ်ခြားသောဘာသာစကားများကို ဘာသာပြန်နိုင်ပါသည်။ အကယ်၍တစ်ယောက်ယောက်က ဤကြော်ငြာစာကိုနားမလည်ခဲ့လျှင် သူသို့မဟုတ်သူမမှာ ကျောင်းဝန်ဆောင်မှုများဌာနPupil Services Department (412-885-7583) ကိုဆက်သွယ်ပြီး ရှင်းပြချက်တောင်းဆိုနိုင်ပါသည်။

### ခွဲခြားရွေးထုတ်ခြင်းလုပ်ငန်းစဉ်များ

Baldwin-Whitehall ကျောင်းနယ်မြေမှ ရွေးချယ်ခံရန်အရည်အချင်းပြည့်သောကျောင်းသား/သူများအား အခမဲ့၊ သင့်လျော်သော လူထုပညာရေးကို ပေးပါသည်။ ရွေးချယ်ခံရသောကျောင်းသား/သူအဖြစ်အရည်အချင်းပြည့်စေရန် သင့်ကလေးမှာ ကျောင်းတက်သည့်အသက်အရွယ်ဖြစ်ရမည်၊ အထူးသင်ကြားသည့်စနစ် လိုအပ်ပြီး၊ Pennsylvania ပြည်နယ်စည်းမျဉ်းများအရ - သီးခြားသင်ကြားရေးချို့ယွင်းနေမှု၊ စိတ်ဝေဒနာရှိသော၊ အထီးကျန်စိတ်ဝေဒနာ(Autism)/သာမန်ဖွံ့ဖြိုးမှုနှောင့်နှေးနေခြင်း၊ မျက်မမြင်/အကြည့်အာရုံချွတ်ယွင်းနေသော၊ ဆွံ့အ-နားမကြား-မျက်မမြင်၊ အကြားအာရုံချွတ်ယွင်းနေသော၊ အသိဉာဏ်ချွတ်ယွင်းနေခြင်း၊ ချွတ်ယွင်းနေချက်တစ်ခုမကရှိသူ၊ အရိုးပိုင်းဆိုင်ရာ ချွတ်ယွင်းနေခြင်း၊ အကြောပိုင်းဆိုင်ရာချွတ်ယွင်းနေခြင်း၊ တစ်ခြားသောကျန်းမာရေးဆိုင်ရာချွတ်ယွင်းနေခြင်းနှင့် ဘာသာစကားပြော ချွတ်ယွင်းနေခြင်းများ ကဲ့သို့သော ဖော်ပြထားသော ရုပ်ပိုင်းဆိုင် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာချွတ်ယွင်းမှုသီးသန့်စံများမှ တစ်ခုသို့မဟုတ် တစ်ခုထက်မက ကိုက်ညီရမည်။ နို့စို့ကလေးများ၊ လမ်းလျှောက်တတ်ကာစကလေးများအတွက် သင့်လျော်သောဖွံ့ဖြိုးမှုမှတ်တိုင်ဖော်ပြခြင်းအချက်အလက်များနှင့်ပတ်သက်၍ Center for Disease Control ဝက်ဘ်ဆိုဒ် www.cdc.govနှင့် The National Dissemination Center for Children with Disabilities (NICHCY) ဝက်ဘ်ဆိုဒ် www.parentcenterhub.orgတွင် တွေ့ရှိနိုင်ပါသည်။

အထူးပညာရေးပရိုဂရမ်နှင့်ဝန်ဆောင်မှုများ ရရှိနိုင်ပါသော်လည်း ကလေး၏သင်ကြားရေးကိုအနှောက်အယှက်ပေးသည့် ချွတ်ယွင်းချက်ရှိသည်ဟုထင်ရသော ကလေးကိုရှာဖွေရန် ခွဲခြားရွေးထုတ်ခြင်းလုပ်ငန်းစဉ်များ လုပ်ဆောင်သွားပါမည်။ ဤလုပ်ဆောင်ချက်များကို တစ်ခါတစ်လေစစ်ဆေးမှုလုပ်ဆောင်ချက်များဟုခေါ်ပါသည်။ ဤလုပ်ဆောင်ချက်များထဲတွင် အဖွဲ့လိုက်အချက်အလက်များပြန်လည်သုံးသပ်ခြင်း၊ အကြားနှင့်အမြင် စစ်ဆေးမှုများပြုလုပ်ခြင်း၊ ကျောင်းသား/သူ၏ ပညာရေးဆိုင်ရာလည်ပတ်မှုများကို အကဲဖြတ်ခြင်း၊ ကျောင်းသား၏အပြုအမူပြဿနာတွင်ခက်ခဲခြင်းကို လေ့လာခြင်း၊ လက်တွဲခေါ်ယူဖေးမနေရန်[redacted]ုးစားခြင်းအပေါ် ကျောင်းသားတုန့်ပြန်မှုကို ဆုံးဖြတ်ရန် တို့ပါဝင်ပါသည်။ ခွဲခြားရွေးထုတ်ရန်အတွက် မိဘများထံမှ အချက်အလက်ဖြည့်သွင်းမှုများသည်လည်းပဲ အရင်းအမြစ်တစ်ခုဖြစ်ပါသည်။

ဖြစ်နိုင်ခြေချွတ်ယွင်းချက်ရှိကလေးဟု သတ်မှတ်ပြီးနောက်၊ သူသို့မဟုတ် သူမကို အကဲဖြတ်ပါမည်၊ သို့သော် မိဘများက ကလေးအားအကဲဖြတ်ရန်ခွင့်ပြုချက်မရခင် မဟုတ်ပါ။

### လျှို့ဝှက်

ကျောင်းနယ်မြေတွင်တက်ရောက်သော ချွတ်ယွင်းချက်ရှိကလေးများအပါအဝင် ကလေးများနှင့်ပတ်သက်သည့်မှတ်တမ်းများ ထိန်းသိမ်းထားပါသည်။ မှတ်တမ်းများအားလုံးကို အတင်းကြပ်ဆုံးသောလျှို့ဝှက်အနေဖြင့်ထိန်းသိမ်းထားပါသည်။ မိသားစုပညာရေးလုပ်ပိုင်ခွင့်နှင့် မိမိအတွင်းရေးအက်ဥပဒေ Family Education Rights and Privacy Act (FERPA)အရ ခွင့်ပြုခြင်းမှလွဲပြီး သင့်သဘောတူညီချက် သို့မဟုတ် ပြည်နယ်ဥပဒေအရ အရွယ်ရောက်သည့် အရွေးချယ်ခံရသောကလေးမှာ၏သဘောတူညီချက်ကိုရရှိပြီးမှ ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များကိုထုတ်ပြန်ရမည်။ Pennsylvaniaတွင် အရွယ်ရောက်သည့်အသက်မှာ (၂၁)နှစ်ဖြစ်သည်။ ပါဝင်သည့်အေဂျင်စီများသည် ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်ကို ကောက်ခံသည့်အခါ၊ သိမ်းဆည်းသည့်အခါ၊ ထုတ်ဖော်သည့်အခါနှင့်ဖျက်စီးသည့်အခါများတွင် လျှို့ဝှက်စွာဖြင့် ကာကွယ်ပေးရမည်။ ပါဝင်သည့်အေဂျင်စီတစ်ခုစီမှအမှုထမ်းတစ်ယောက်သည် ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များမှာလျှို့ဝှက်ခြင်းကို တာဝန်ယူရမည်။ မိဘများမှာ ကျောင်းသား/သူများ၏မှတ်တမ်းများဆိုင်ရာ အချက်အလက်များအတွက် မိသားစုပညာရေးလုပ်ပိုင်ခွင့်နှင့် မိမိအတွင်းရေးအက်ဥပဒေ Family Education Rights and Privacy Act (FERPA)ကို ရည်ညွှန်းနိုင်ပါသည်။ ဤအကြောင်းကြားစာမှာ အထူးပညာရေးဝန်ဆောင်မှု၊ အကဲဖြတ်ခြင်းနှင့် စစ်ဆေးခြင်းများနှင့် ချို့ယွင်းချက်ရှိကလေးများ၊ ချို့ယွင်းမှုရှိနိုင်သည့်ကလေးများနှင့် သူတို့၏မိဘများအား၏လုပ်ပိုင်ခွင့်နှင့် ကာကွယ်ခြင်း၏ အကျဉ်းချုပ်သာဖြစ်သည်။ နောက်ထပ်အချက်အလက်များ သို့မဟုတ် အကဲဖြတ်ရန်တောင်းခံခြင်း သို့မ ဟုတ် အစိုးရကျောင်းသို့မဟုတ်ပုဂ္ဂလိကကျောင်း၏စစ်ဆေးရန်အတွက် ဆက်သွယ်ရန်မှာ-

Marissa Gallagher, Director of Student Services

412-885-7583 mgallagher@bwschools.net

မိဘများသည် အကြောင်းကြားစာထဲပါဝင်သော လုပ်ပိုင်ခွင့်များ ရခဲ့ခြင်းမရှိသည်ကို အောက်ပါလိပ်မူပြီး စာရေးတိုင်းကြား အမှုဖွင့်နိုင်သည်။

Pennsylvania Department of Education, Bureau of Special Education

Division of Compliance

333 Market Street

Harrisburg, PA 17126-0333

ပညာရေးဌာနမှာ ထိုအကြောင်းအရာကို စုံစမ်းစစ်ဆေးပြီး တွေ့ရှိချက်များကို မှတ်တမ်းထုတ်ပြန်ကာ လိုအပ်သည့်ပြုပြင်မှု လုပ်ဆောင်ချက်များကို ရက်(၆၀)အတွင်းပြုလုပ်မည်။ ပညာရေးဌာနမှ လိုက်နာခြင်းရှိသည်ကို သေချာစွာအောင်မြင်ပြီးဆုံးသည့်အထိ လိုအပ်သည့်လုပ်ဆောင်ချက်များကို ပြုလုပ်မည်။ ကျောင်းနယ်မြေသည် ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များလျှို့ဝှက်ခြင်းမှုကိုပျက်ကွက်ခြင်းနှင့် ပတ်သက်ပြီး အောက်သို့တိုင်းကြား အမှုဖွင့်နိုင်ပါသည်။

Family Policy Compliance Office

U.S Department of Education

400 Maryland Avenue SW

Washington, D.C. 20202-4605

## ချို့ယွင်းချက်ရှိကျောင်းသားများကာကွယ်ခံရခြင်းအတွက် ဝန်ဆောင်မှုများ- (504)

အထူးပညာရေးပရိုဂရမ်နှင့်ဝန်ဆောင်မှုများရရှိရန် အရည်အချင်းမပြည့်သောကျောင်းသားများသည် ချို့ယွင်းချက်ရှိကျောင်းသားများကာကွယ်ခံရခြင်းကို အခွင့်အရည်ရရှိနိုင်ပါသည်၊ ထိုကြောင့် ခွဲခြားဆက်ဆံခြင်းမှကာကွယ်ရန်ရည်ရွယ်ချက်ရှိသော တစ်ခြားအစိုးရနှင့်တိုင်းဥပဒေတို့က အကာအကွယ်ပေးပါမည်။

ကျောင်းနယ်မြေသည် ကာကွယ်မှုရှိချို့ယွင်းချက်ရှိသောကျောင်းသားများမှာ ကျောင်းသားတစ်ဦးစီအတွက်သင့်လျော်သော အတတ်ဆုံးဖြစ်သည့် ကျောင်းလှုပ်ရှားမှုနှင့် သင်ရိုးပြင်ပလှုပ်ရှားမှုများတွင် ပါဝင်နိုင်ရန် တူညီသောအခွင့်အရေးရရှိရန် အာမခံထားရမည်။

အစိုးရနှင့်တိုင်းဥပဒေတို့အတိုင်းလိုက်နာပြီး ကျောင်းနယ်မြေက · ကာကွယ်မှုရှိချို့ယွင်းချက်ရှိသောကျောင်းသားများအတွက် တူညီသောအခွင့်အရေးရရှိရန်အတွက် သက်ဆိုင်သည့်အထောက်အကူများ၊ ဝန်ဆောင်မှုများသို့မဟုတ် နေရာထိုင်ခင်းများကို ခွဲခြားဆက်ဆံခြင်း သို့မဟုတ် ကျောင်းသား/မိသားစုတို့က ငွေကုန်ကျမှု မရှိစေပြီး ကျောင်းသား၏အတတ်နိုင်ဆုံးဖြစ်သည့်သင့်လျော်သောအတိုင်းအတာအထိ ကျောင်းလှုပ်ရှားမှုနှင့် သင်ရိုးပြင်ပလှုပ်ရှားမှုများတွင် ပါဝင်နိုင်စေရမည်။

ကာကွယ်မှုရှိချို့ယွင်းချက်ရှိသောကျောင်းသားများအဖြစ်သတ်မှတ်ခံရစေရန် ကျောင်းသားမှာ ရုပ်ပိုင်းသို့မဟုတ်စိတ်ပိုင်းဆိုင်ရာချို့ယွင်းချက်ကြောင့် ကျောင်းပရိုဂရမ်၏ရှုထောင့်မှ အများအပြားကန့်သတ်ထားခံရခြင်း သို့မဟုတ် ပါဝင်ရန်/ဝင်ရောက်ရန် တားမြစ်ခံရသော ကျောင်းနေအရွယ်(အသက်)ရှိသူဖြစ်သည်။

Pennsylvania တွင် အသက်(၃)နှစ်နှင့်ကျောင်းနယ်မြေအသက်အတွင်းရှိ ကျောင်းစတင်တက်ရောက်မည့် ကလေးများမှာ ဖွံ့ဖြိုးမှုနောက်ကျနေသော သို့မဟုတ် အထက်တွင်ဖော်ပြထားသောစာရင်းမှ တစ်ခုထက်ပိုသောရုပ်ပိုင်းဆိုင်ရာ/စိတ်ပိုင်းဆိုင်ရာများရှိခဲ့လျှင် "ရွေးချယ်ခံရခြင်းအတွက်သင့်လျော်သောကလေးငယ်"ဟု သတ်မှတ်မည်။ ဤကလေးများ၏မိဘများတွင်လည်း အထက်တွင်ဖော်ပြထားသည့်အတိုင်း တူညီသောအခွင့်အရေးရှိသည်။ Pennsylvania ပညာရေးဌာနသည် ၁၉၉၀ခုနှစ်(၂၁၂)အက်ဥပဒေဖြစ်သည့် ကနဦးကြားဖြတ်ရွေးချယ်ဝန်ဆောင်မှုစနစ်အက်ဥပဒေ (Early Intervention Services System Act) အရ သင့်လျော်သောကလေးငယ်များအတွက် ပရိုဂရမ်များနှင့်ဝန်ဆောင်မှုပေးရန်တာဝန်ရှိသည်။ မူလတန်းကြိုကလေးများကို Allegheny Intermediate Unit # မှတစ်ဆင့် စစ်ဆေးမှုများပြုလုပ်နိုင်သည်။ အချက်အလက်များပိုမိုရရှိရန် Allegheny Intermediate Unit's Preschool Early Intervention "DART" ပရိုဂရမ် 412-394-5904 သို့ ဆက်သွယ်ပါ။

Susan Sams, Ph.D., ပရိုဂရမ်ဒါရိုက်တာ

ဖုန်း- 412-394-5816

အီးမေးလ်- susan.sams@aiu3.net

## ကနဦးကြားဖြတ်ရွေးချယ်ဖော်ထုတ်သတ်မှတ်ခြင်း

Pennsylvaniaတွင် အသက်(၃)နှစ်နှင့်ကျောင်းနယ်မြေအသက်အတွင်းရှိ ကျောင်းစတင်တက်ရောက်မည့် ကလေးများမှာ ဖွံ့ဖြိုးမှုနောက်ကျနေသော သို့မဟုတ် အထက်တွင်ဖော်ပြထားသောစာရင်းမှ တစ်ခုထက်ပိုသောရုပ်ပိုင်းဆိုင်ရာ/စိတ်ပိုင်းဆိုင်ရာများရှိခဲ့လျှင် "ရွေးချယ်ခံရခြင်းအတွက်သင့်လျှော်သောကလေးငယ်"ဟု သတ်မှတ်မည်။ ဤကလေးများ၏မိဘများတွင်လည်း အထက်တွင်ဖော်ပြထားသည့်အတိုင်း တူညီသောလုပ်ပိုင်ခွင့်ရှိသည်။ Pennsylvaniaပညာရေးဌာနသည် ၁၉၉၀ခုနှစ်(၂၁၂)အက်ဥပဒေဖြစ်သည့် ကနဦးကြားဖြတ်ရွေးချယ်ဝန်ဆောင်မှုစနစ်အက်ဥပဒေ (Early Intervention Services System Act)အရ သင့်လျှော်သောကလေးငယ်များအတွက် ပရိုဂရမ်များနှင့်ဝန်ဆောင်မှုပေးရန်တာဝန်ရှိသည်။ မူလတန်းကလေးများကို Allegheny Intermediate Unit #3မှတစ်ဆင့် စစ်ဆေးမှုများပြုလုပ်နိုင်သည်။ အချက်အလက်များပိုမိုရရှိရန် Allegheny Intermediate Unit's Preschool Early Intervention "DART" ပရိုဂရမ် 412-394-5904ထံ ဆက်သွယ်ပါ။

Susan Sams, Ph.D., ပရိုဂရမ်ဒါရိုက်တာ

ဖုန်း- 412-394-5816

အီးမေးလ်- susan.sams@aiu3.net

**အင်္ဂလိပ်စာကျွမ်းကျင်မှုအကန့်အသတ်ရှိသော Limited English Proficiency (LEP)နှင့် အင်္ဂလိပ်စာသင်ယူ English Learners (EL) နေသောကျောင်းသား/သူများကို ပညာပေးခြင်း**

အင်္ဂလိပ်ဘာသာအမိကမဟုတ်သောကျောင်းသား၏ပညာရေးမှာ Pennsylvaniaရှိ ကျောင်းနယ်မြေ/အစိုးရလုပ်ပိုင်းခွင့်ပေးထားသောကျောင်းများတိုင်း၏ တာဝန်ဖြစ်သည်။ အင်္ဂလိပ်ဘာသာသင်ကြားသူများသည် နယ်ခံလိပ်စာနှင့် ကာကွယ်ဆေးထိုးထားသည့်အထောက်အထားများကို စာရင်းပေးသွင်းချိန်တွင် ပေးရပါမည်။ ပြည်သူများရပိုင်ခွင့်ရုံး [Office for Civil Rights(OCR)]၏လိုအပ်ချက်အရ ကျောင်းသား/သူအားလုံးသည် အိမ်တွင်လုပ်သည့်ဘာသာစကား စစ်တမ်းကောက်ယူခြင်းHome language survey (HLS)ကို ကျောင်းနယ်မြေ/အစိုးရလုပ်ပိုင်းခွင့်ပေးထားသောကျောင်းများမှ ပြုလုပ်ပေးရမည်။ ထိုစစ်တမ်းကောက်ယူခြင်း၏ ရလဒ်များကို ကျောင်းသား/သူ၏ အမြဲသုံးဖိုင်တွဲထဲ၌ ထိန်းသိမ်းထားရမည်။ ကျောင်းသာ၏ အမိကဘာသာမှာအင်္ဂလိပ်ဘာသာမှတခြားဖြစ်ခဲ့လျှင် ကျောင်းနယ်မြေမှ ထိုကျောင်းသား/သူ၏အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုကိုလည်း ဆုံးဖြတ်ရပါမည်။ ထိုနောက် အင်္ဂလိပ်ဘာသာတတ်ကျွမ်းမှုအကန့်အသတ်ရှိကျောင်းသား/သူများမှာ နယ်ခံ/ပြည်နယ်မှဘဏ္ဍာငွေဖြင့် ESLဆိုင်ရာညွှန်ကြားချက်များကို ပေးပါမည်။ Baldwin-Whitehallကျောင်းနယ်မြေမှ ပြုလုပ်ဆဲစစ်ဆေးခြင်းများကို လုပ်ပါမည်။ အကယ်၍ ပိုမိုပြီးလေ့လာလိုလျှင်၊ မေးမြန်းလိုပါလျှင် သို့မဟုတ် သင့်ကလေးအား ရွေးချယ်ခံရဖို့လိုအပ်လျှင် အောက်ပါပုဂ္ဂိုလ်ထံ ထံဆက်သွယ်ပါ။

Marissa Gallagher

Director of Student Services

412-885-7583

mgallagher@bwschools.net

**ပင်ကိုစွမ်းရည်ရှိသောကျောင်းသား/သူများအတွက်ဝန်ဆောင်မှုများ**

ပြည်နယ်ဥပဒေနှင့်အညီ Baldwin-Whitehallကျောင်းနယ်မြေမှ ပင်ကိုစွမ်းရည်ရှိသောကျောင်းသား/သူများအတွက် ကိုက်ညီမည့်ထူးခြားသည့်ဝန်ဆောင်မှုများ ပေးပါသည်။ Baldwin-Whitehallကျောင်းနယ်မြေသည် ပင်ကိုစွမ်းရည်ရှိသောကျောင်းသား/သူများ၏ အခြေအနေတစ်ခုစီကို ပြည်နယ်ဥပဒေနှင့်မြို့နယ်နယ်လမ်းများအပေါ်အခြေခံပြီး ဖော်ထုတ်ပါသည်။ ထိုကဲ့သို့သောကျောင်းသား/သူများမှာ ဉာဏ်ရည်ပြကိန်း(IQ)သာလွန်နေခြင်း နှင့် ပင်ကိုစွမ်းရည်ကို ညွှန်းပြသော စံနှုန်းမျိုးစုံနှင့်ကိုက်ညီရမည်။ ပင်ကိုစွမ်းရည်မှာ ဉာဏ်ရည်ပြကိန်း(IQ)တစ်ခုတည်းနှင့် သတ်မှတ်မရပါ။ နောက်ထပ်စံနှုန်းများမှာ အတန်းထဲမှလုပ်ဆောင်ချက်နှင့်ရမှတ်များ၊ စံသတ်မှတ်စာမေးပွဲရမှတ်များနှင့် ဆရာ/ဆရာမများ၏အဆင့်ပေးချက်များစသည်ကဲ့သို့ ကန့်သတ်မထားသော်လည်း ၎င်းတို့ပါဝင်ပါသည်။ အကယ်၍သင့်ကလေးမှာ ထိုဝန်ဆောင်မှုများလိုအပ်သည်ဟုထင်ခဲ့လျှင် သင့်ကို အကဲဖြတ်လုပ်ငန်းစဉ်များအား အကြောင်းကြားပါမည်။ အကယ်၍ကျောင်းနေအရွယ်သင့်ကလေးမှာ နှင့် ပင်ကိုစွမ်းရည်အတွက်ပညာရေးဝန်ဆောင်မှုများကို အရည်အချင်းမှီသည်ဟု ယုံကြည်လျှင် သင့်ကလေး၏ကျောင်းအုပ်ကြီး သို့မဟုတ် Brain D. Welles, ကျောင်းသား/သူများဝန်ဆောင်မှုကြီးကြပ်ရေးမှူးထံ စာရေးကာ ဆက်သွယ်ပြီး အရည်အချင်းမှီ၊ မမှီ ဆုံးဖြတ်ပေးရန်အချိန်မရွေးတောင်းဆိုနိုင်ပါသည်။ အကဲဖြတ်ခြင်းမှာ မိဘခွင့်ပြုချက်ဖြင့် ဦးစီးကာလုပ်ဆောင်ပါမည်။ ပင်ကိုစွမ်းရည်အတွက်ပိုင်ခွင့်မှာ Pennsylvaniaဥပဒေမှ လုပ်ပိုင်ခွင့်သာ ပါဝင်ပါကြောင်း ကျေးဇူးပြုပြီး သိထားစေချင်ပါသည်။

Marissa Gallagher, Director of Student Services

412-885-7583

mgallagher@bwschools.net